United Nations Development Programme

# PRESS RELEASE

*Empowered lives.*
*Resilient nations.*

**မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ၏ အခြေအနေဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအား UNDP မှစတင်မိတ်ဆက်ခြင်း**

မတ်လ ၄ ရက်၊ ၂၀၁၉ခုနှစ် ၊ ရန်ကုန်မြို့

ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုအားတည်ထောင်ခြင်းသည် အစိုးရ၏ဦးစားပေးအရာအဖြစ် မြန်မာနိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ဖော်ပြထားခြင်းကြောင့်သော်လည်းကောင်း၊ အရင်းအမြစ်များအား ဒေသတွင်းတွင်ပိုမိုခွဲဝေလာခြင်းကြောင့်သော်လည်းကောင်း မြန်မာနိုင်ငံ၏တိုင်းဒေသကြီးနှင့် ပြည်နယ်များအုပ်ချုပ်ရေးသည် ပိုမိုအရေးကြီးလာပါသည်။ သို့သော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ၁၄ ရပ်၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများအား ပြည့်ပြည့်စုံစုံနှင့်မှတ်တမ်းပြုစုထားခြင်းမရှိသေးပါ။

ထိုအချက်များအားထည့်သွင်းစဉ်းစားကာ UNDP ၏ ထိရောက်မှုရှိပြီးတုံ့ပြန်ဖြည့်ဆည်းပေးမှုရှိသောအဖွဲ့အစည်းများဖြစ်ပေါ်ရေးအထောက်အကူပြုပရောဂျက် Support to Effective & Responsive Institutions Project (SERIP) သည် အခြေအနေဆန်းစစ်လေ့လာခြင်းသုတေသနပြုမှုတွင်ပါဝင်ခဲ့သော လွှတ်တော်များနှင့်အတူအနီးကပ်ပူးပေါင်းဆောင်ရွက်ကာ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ၏ ပထမဦးဆုံးသောအခြေအနေဆန်းစစ်လေ့လာချက်အစီရင်ခံစာအား ရေးသားပြုစုခဲ့ပါသည်။ ထိုအစီရင်ခံစာအား Australia’s Department of Foreign Affairs and Trade (DFAT), the Swedish International Development Agency (Sida) နှင့် the United Kingdom’s Department for International Development (DFID) မှထောက်ပံ့ခဲ့ပါသည်။ အစီရင်ခံစာကို ယနေ့တွင် မန္တလေး၊ မွန်၊ ရှမ်း နှင့် တနင်္သာရီလွှတ်တော်များ၏ ဒုဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးရေးမိတ်ဘက်များနှင့်အတူတကွ စတင်မိတ်ဆက်ခဲ့ပါသည်။

UNDP ၏ဌာနေကိုယ်စားလှယ် Peter Batchelor ကငင်း၏အဖွင့်စကားတွင် " တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များ ၊ အစိုးရအဖွဲ့များသည် မြန်မာ့နိုင်ငံရေးနှင့် မတူကွဲပြားသောတိုင်းရင်းသားအရေးတို့ကိုကိုယ်စားပြုရန်အတွက် ပိုမိုများပြားလာသောတာဝန်များနှင့် လုပ်ပိုင်ခွင့်အာဏာ ( mandate ) များဖြင့် မြန်မာနိုင်ငံ၏အနာဂါတ်အုပ်ချုပ်ရေးတွင်ပိုမိုမြင့်မားကာအရေးပါသောအခန်းကဏ္ဍဖြင့်ပါဝင်လာမည်ဖြစ်သည်" ကိုအလေးထားပြောကြားခဲ့သည်။ သို့ဖြစ်ပါသောကြောင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်မှု၏အောင်မြင်မှုသည်လည်း မြန်မာနိုင်ငံ၏ဒီမိုကရေစီအကူးပြောင်းတွင် အရေးကြီးသောအချက်ဖြစ်ပါသည်။ ထိုအချက်သည် လွှတ်တော်များမှပိုမိုဆောင်ရွက်လာနိုင်ခြင်းနှင့်ပိုမိုကောင်းမွန်စွာစွမ်းဆောင်နိုင်ခြင်းဟူသောလိုအပ်ချက်များကိုတိုးပွားလာစေပါသည်။ အခြေအနေဆန်းစစ်လေ့လာချက်သည် လွှတ်တော်များအတွက်အသုံးဝင်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည်လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးအတွက်စီစဉ်ဆောင်ရွက်ရာတွင် သက်သေအထောက်အထားတစ်ခုအဖြစ်ပံ့ပိုးပေးနိုင်မည်ဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချလာသော မြန်မာနိုင်ငံတွင်ပိုမိုကောင်းမွန်စွာစွမ်းဆောင်လာနိုင်စေရန်ဖြစ်သည်။

ယခုအခမ်းအနားတွင် ဒေါက်တာအောင်နိုင်ဦး - ဒုဥက္ကဋ္ဌ ၊ မွန်ပြည်နယ်လွှတ်တော် ၊ Carl DeFaria - ကနေဒါနိုင်ငံ Ontario ပြည်နယ်၏ယခင်လွှတ်တော်ကိုယ်စားလှယ်ဟောင်းနှင့်ဝန်ကြီးဟောင်း ၊ Mael Raynaud - သုတေသနခေါင်းဆောင် ၊ မြို့ပြတည်ဆောက်ခြင်း - မြို့ပြနှင့်ဒေသဆိုင်ရာစီမံကိန်းအတွက်မူဝါဒပိုင်းဆိုင်ရာအင်စတီကျူ ၊ ဦးဖေအောင်လင်း - ဥက္ကဋ္ဌ၊ ဒေသဆိုင်ရာလွှတ်တော်များအားပေးကူညီရေးအဖွဲ့ ( MCERP ) တို့ကပါဝင်ဆွေးနွေးခဲ့ကြပါသည်။ အစီရင်ခံစာစတင်မိတ်ဆက်ခြင်းအခမ်းအနားအား မန္တလေး၊ မွန်၊ ရှမ်း နှင့် တနင်္သာရီလွှတ်တော်များနှင့်ဆက်သွယ်ဆောင်ရွက်လျှက်ရှိသော CSOများနှင့် မူဝါဒပိုင်းဆိုင်ရာအသိုက်အဝန်းဖြစ်သောဖွံ့ဖြိုးရေးမိတ်ဘက်များ၊ NGO များနှင့်မီဒီယာများမှကိုယ်စားပြုသူများတက်ရောက်ခဲ့ ကြသည်။

အစီရင်ခံစာသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်လွှတ်တော်များ လွှတ်တော်လုပ်ငန်းများ မည်ကဲ့သို့ဆောင်ရွက်ကြသည်ကိုလည်းကောင်း၊ ၎င်းလွှတ်တော်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အစိုးရနှင့်မည်သို့အပြန်အလှန်ဆောင်ရွက်ကြသည်ကို လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ၎င်းတို့ရွေးကောက်တင်မြှောက်ခံရသောမြို့နယ်များ၏ အုပ်ချုပ်ရေးတွင်ပါဝင်သောအခန်းကဏ္ဍကိုလည်းကောင်း မီးမောင်းထိုးပြထားခြင်းဖြစ်ပါသည်။ လွှတ်တော်တစ်ရပ်ခြင်းစီတွင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကောင်းမွန်သောအလေ့အကျင့်များအား အစီရင်ခံစာကသတ်မှတ်ဖော်ပြထားပါသည်။ နိုင်ငံတစ်ကာတွင်လက်ခံကျင့်သုံးနေသည့်ပါလီမန်ဆိုင်ရာအုပ်ချုပ်မှုစံနှုန်းများနှင့်နှိုင်းယှဉ်ကာ ပြုပြင်ပြောင်းလဲရေးအတွက်အကြံပြုချက်များအားလည်း အဆို

ပြုထားပါသည်။ ယခုအစီရင်ခံစာသည် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များအားလုံး အနာဂါတ်တွင်ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် တန်ဖိုးရှိသောကိုးကားလမ်းညွှန်ချက်တစ်ခုဖြစ်မည်ဟု မျှော်လင့်ပါသည်။လွှတ်တော်တစ်ရပ်၏ ကောင်းမွန်သောဖွံ့ဖြိုးတိုးတက်မှုပုံစံအားအခြားသော လွှတ်တော်များမှ ထည့်သွင်းစဉ်းစားကာ အလားတူဆောင်ရွက်နိုင်စေရေးအတွက်ဖြစ်ပါသည်။

သတင်းအချက်အလက်များထပ်မံသိရှိလိုပါက UNDPမြန်မာ ဆက်သွယ်ရေးအဖွဲ့အား အီးမေးလ်ဖြင့်ဆက်သွယ်နိုင်ပါသည်။

Ms. Sandra Barrows: Sandra.barrows@undp.org

Ms. Yamon Phu Thit: yamon.phu.thit@undp.org

UNDP သည် နိုင်ငံပေါင်း ၁၇၀ကျော်တွင်အစီအစဉ်များဆောင်ရွက်နေပြီး ကမ္ဘာလုံးဆိုင်ရာနှင့်ဒေသတွင်းဆိုင်ရာအသိအမြင်များ၊ နည်းပညာပိုင်းဆိုင်ရာအကူအညီများ ၊ မူဝါဒပိုင်းဆိုင်ရာအကြံဉာဏ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဝန်ဆောင်မှုများ အားကူညီပံ့ပိုးပေးလျှက်ရှိသည်။ မိမိတို့၏ရည်မှန်းချက်မှာ အလွန်အမင်းဆင်းရဲမွဲတေမှုပပျောက်စေရန်၊ မညီမျှမှုများလျော့ချရန်၊ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များအောင်မြင်မှုရရှိစေရန် တို့အတွက် နိုင်ငံအသီးသီးအား ကူညီပံ့ပိုးပေးရန်ဖြစ်ပါသည်။

UNDP သည် မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးရေးအကူအညီများအား နိုင်ငံအတွင်းတွင် ၁၉၅၀ခုနှစ်များကတည်းကကူညီပံ့ပိုးပေးလျှက်ရှိသည်။ ယနေ့တွင် UNDP သည် ၂၀၃၀ အစီအစဉ်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအကောင်အထည်ဖော်ခြင်းအောင်မြင်မှုရရှိစေရန်အတွက် ရည်မှန်းချက်ကြီးမားသော အစီအစဉ်တစ်ခုကို အလေးအနက်ထားဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးရေး၊ စီးပွားရေး၊ လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဦးစားပေးများပြည့်မီရန်အတွက်ဖြစ်သော ၂၀၃၀အစီအစဉ်အား ကူညီပံ့ပိုးပေးရန်အတွက် ကမ္ဘာလုံးဆိုင်ရာအကောင်းဆုံးအလေ့အကျင့်များ၊ နိုင်ငံတစ်ကာစံနှုန်းများအားယူဆောင်လာခြင်းဖြင့်လည်းကောင်း မိတ်ဘက်များ၊ ကုလသမဂ္ဂစနစ်၊ မြန်မာအစိုးရ ၊ ပြည်သူများနှင့် အတူအကွနီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်း အားဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

*Facebook: www.facebook.com/UNDPMyanmar*
*Twitter: www.twitter.com/UNDP_Myanmar*
*Website: www.mm.undp.org*